***For Those seeking The Truth & Dynamic Living***

*သမ္မာတရားနှင့် ကြွယ်ဝသော အသက်တာ ရှာဖွေသူ အတွက်*

# ***Christ is Victor***

*ခရစ်တော်သည် အောင်နိုင်သူ*

နိုဝင်ဘာ၊ ဒီဇင်ဘာ ၂၀၁၀ **November/December 2010**

"ယနေ့တွင် ဒါဝိတ်၏ မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်သော အရှင်သည် သင်တို့အဘို့အလို့ငှာ ဖွားမြင်ခြင်းကို ခံတော်မူ၏၊" (ရှင်လုကာ ၂း၁၁)

သန့်ရှင်းဖြူစင်သော ယုံကြည်သူများ၏ ခရစ်စ္စမတ်စ် အခမ်းအနမ်း ဂုဏ်ပြုခြင်းသည် ယနေ့ ခရစ်စ္စမတ်စ် အခမ်းအနမ်း ဂုဏ်ပြုခြင်းနှင့် လုံးဝခြားသည် ဖြစ်သည်။ ခရစ်စ္စမတ်စ် အချိန် ရောက်လာသည့်အခါ အဓိက အားဖြင့် သန်မာလူများနှင့် ပညာမဲ့သော လူများသည် အလုပ်နှင့် ရှုပ်ထွေးနေကြသည်။ ယနေ့အလုပ်များသော သူများသည် ဘုရားသခင်၏ ချစ်ခြင်း မေတ္တာတရား နားစဉ်ဖို့ မအားမလပ်ဖြစ်နေကြသည်။ ဘုရားသခင်သည် လောကကို ချစ်တော်မူပြီး သားတော်ကို စေလွှတ်တော်မူသည့်အကြောင်း မဟောကြားဖြစ်သည့်အခါ ဝမ်းနည်းစရာ ဖြစ်၏။ သူတို့သည် မာဂုပညာရှင်တို့အကြောင်း မသင်ယူပင်ဖြစ်သည်။

မာဂုပညာရှင်တို့သည် စိတ်နှလုံးအကြွင်းမဲ့ ခရစ်တော်ကို ဆက်ကပ် ပူဇော်သည့် အကြောင်း ကျမ်းစာတွင် မြင်တွေ့နိုင်သည်။ ယနေ့ အသင်းတော်များသည် ခရစ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ မဆက်ကပ်ကြပါ။ ခရစ်စ္စမတ်စ် တွင် ဘာများတွေ့နိုင်သလဲ။ ခရစ်စ္စမတ် (စ်) ကိုနာမခံသော စိတ်နှင့် သဘာဝအတိုင်း မဟုတ်ဘဲ ကိုယ့်အလိုတော်အတိုင်း ဂုဏ်ပြုခဲ့ကြသည်။ ခရစ်စ္စမတ်(စ်) ၏ အဓိက သတင်းကို ရရှိဖို့မလက်ခံကြပါ။ ဒါပေမဲ့ ခရစ်စ္စမတ်(စ်)၏ အဓိက သတင်းကောင်းကို လက်ခံရရှိသော အသက်တာ၌ နေရာတိုင်းတွင် ဤသတင်းကောင်းကို ပြောကြားဖို့ ပြင်ဆင်ရမည် ဖြစ်ပါသည်။ ယောသတ်နှင့်မာရိတို့သည် ဘုရားသခင်၏ အကြံတော် ပြည့်စုံနိုင်ဖို့များစွာသော အခက်အခဲရင်ဆိုင်ပြီး

အသက်တာ လျှောက်လှမ်းခဲ့ကြသည်။ ဘုရားသခင်၏ အလိုတော်များကို ပျက်ဆီးခြင်းသာ ဖြစ်သည်။

မာရိသည် ဒါဝိဒ်၏ မြို့တော်ဖြစ်သော ယုဒပြည် ဗက်သလင်မြို့မှာ ယောသပ်နှင့်အတူ လိုက်ပါသွားသည်။ မာရိအတွက် ဝေးလံသော ခရီးပင်ဖြစ်သည်။ မာရိသည် သူများ၏ ဝိုင်းကြည့် ထားခြင်းခံရသော သူဖြစ်သည်။ "မာရိသည် မငြင်းပွားပါ။ မာရိသည်–အကျွန်ုပ်သည် ထာဝရဘုရား၏ ကျွန်မဖြစ်ပါ၏၊ ကိုယ်တော်၏ စကားအတိုင်း အကျွန်ုပ်၌ ဖြစ်ပါစေဟု ဝန်ခံသည်။" (ရှင်လုကာ ၂း၃၈)။ ဤကနေ့ ခရစ်စ္စမတ်(စ်) ကြိုဆိုဂုဏ်ပြုခြင်းနှင့် တကယ့် ခရစ်စ္စမတ်(စ်)၏ အကြောင်းသည် အဆက်အစပ်မရှိပါ။ အကွနုပ်သည် ထာဝရဘုရား၏ ကျွန်မဖြစ်ပါသည်။ မာရိကဲ့သို့ ခရစ်စ္စမတ်(စ်)ကို ကြိုဆိုဂုဏ်ပြုချင်ပါသလား၊ ဘုရားသခင်သည် လောကကို ချစ်တော် မူသောကြောင့် ဤလောကကို ကယ်တင်ရန် မိမိ၏ သားတော်ကို စေလွှတ်ခဲ့သည်။ သခင်ယေရှုသည် လောက အမှောင်ထုကြီးကို အလင်းပေးရန် ဤလောကကို ကြွလာတော်မူ၏။ သင်၏ စိတ်နှလုံးသား၌ အကျွန်ုပ်သည် ထာဝရဘုရား၏ ကျွန်မပါ၏ဟု ပြောနိုင်ပါသလား၊ ထိုနှလုံးသားကဲ့သို့ သင်သည် ကိုယ်တော် အကျွန်ုပ်ရှိပါ၏ဟု ပြောနိုင်ပါသလား၊ သခင်ယေရှုသည် ကျွန်ုပ်တို့အား လုံးဝ ဆက်ကပ်အပ်နှံသော မေတ္တာဖြင့် နှိမ့်ချအစေခံသော တောင်ပေါ် ဒေသနာတော်နှင့်အညီ ကျင့်ကြံသော အသက်တာတွင် အသက်ရှင်စေလိုသည်။

အသက်တာ ပြောင်းလဲပြီး ဖ၃နှစ် အကြာမှာ အသက်တာ၌ အးစီစဉ်တစ်ခု ပေါ်လာသည်။ ဘုရားသခင်၏ အလိုတော်အတိုင်း လျှောက်လှမ်းနိုင်ဖို့ ဆက်ကပ်အပ်နှံခဲ့သည်။ အတိတ်က ငယ်ရွယ်သော အချိန်ပြန်ရောက်ချင်ပြီး ဘုရားသခင် အလိုတော်အတိုင်း အမှုတော်မြတ်၌ ပျော်မွေ့စွာ ထမ်းဆောင်ရန် ပါဝင်သည်။ ကောင်းသော ပုံသက်သေနှင့် ယုံကြည်ခြင်းရှိသော အသက်အားဖြင့် မြဲမြဲခိုင်ခံ့စေရန် သခင်ယေရှုက လူမျိုးတကာတို့ကို ဖြစ်စေချင်သည်။ အကျွန်ုပ်တို့သည် ကြီးမားသော ရည်ရွယ်ချက်ဖြင့် ကယ်တင်ရှင် သခင်ယေရှု၏ ဗနာက်လိုက်ကြစို့။ ကောင်းကင်တမန်သည် ထင်ရှား၍ မာရိ၊ သင်၏အထဲ၌ သားယောက်ျားကို ဘွားမြင်ပြီး ဘုရားသခင်၏ သားတော် ယေရှုဟူသော အမည်ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန်ပြောဆိုတော်မူ၏။ အလွန်ဝမ်းမြောက်ဝမ်းရာ ဖြစ်သောဤ သတင်းကောင်းကို လူအပေါင်းတို့အတွက်ဖြစ်သည်။ ကြောက်ရွံ့ခြင်းမရှိပဲ အလွန်ဝမ်းမြောက်ဝမ်းသာသော လူပေါင်းတို့အတွက်ဖြစ်သည်။ သင်သည် သခင်ယေရှု၌ ဘွားတော်မူလျှင် သင်၏ အသက်တာသည် ကြောက်ရွံ့ အလွန်ဝမ်းမြောက်ဝမ်းသာသော အသက်တာနှင့် ထာဝရ အသကရှင်ရမည်ဖြစ်သည်။

ယောရှု ဒံယေလ

## "အသက်တာ စစ်ဆေးရန်"

## "Reality Check"

ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်ဆီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင် လောကီသားတို့ကို ချစ်တော်မူ၏။ (ရှင်ယောဟန် ၃း၁၆)

## "ချစ်ခြင်းမေတ္တာသည် မုန်းတီးခြင်းထက်သာ၍ သန်မာ၏"

## "Love is stronger than Hate"

ပထမကမ္ဘာစစ်၏ အရေးကြီးသည့် ဖြစ်ရပ်တစ်ခုဖြစ်သည့် အမှတ်တရဖြစ်သောကြောက်ရွံ့သော စစ်ပွဲ ပထမ ခရစ်စ္စမတ်(စ်) ပင်ဖြစ်ပါသည်။ လအနည်းငယ်ကြာပြီး တိုက်ပွဲတွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်၍ ကြီးမားသော ဂျာမန်စစ်သည်တော်များ၊ ပြင်သစ်စစ်သည်တော်များနှင့်ဗြိတိန်စစ်သည်တော်များသည် ရန်ပွဲတိုက်ပွဲဖြစ်ခဲ့ကြသည်။ ဂျာမန်စစ်သည်တော်များသည် ဗြိတိန်နိုင်ငံကို ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသည်။ စစ်ကြောင့်များစွာသော ရွာများ၊ မြို့ကြီးများနှင့် အသင်းတော်များထိခိုက်ပျက်ဆီးခဲ့ကြသည်။ နေရာတိုင်း၌ လူသေအလောင်းများ တစ်လကြာသောလူသေ၊ တစ်ပတ်ကြာသော လူသေ၊ တစ်ရက်ကြာသောလူသေများတွေ့မြင်ခဲ့သည်။ လူသေအလောင်းများကို ကတုတ်ကျင်းတွင် မြေမြှုပ်သင်္ဂြိုလ်ထားခဲ့သည်။

ကျွန်ုပ်တို့၏ အသက်ကယ်တင်ရှင် သခင်ယေရှုသွားတော်မူခြင်းအချိန်ခရစ်စ္စမတ်(စ်)ပွဲတော်အကြိုနေ့ရောက်လာသည့်အခါ သူတို့၏ ကျင်းပလက်မောင်းပေါ်တွင် ရန်လိုသော စိတ်နှင့် မတ်ရပ်ပြီး မီးခိုးရောင်နှင့် ကာကီရောင်စုံဖြင့် ရန်သူများကို တိုက်ခိုက်ဖို့အသင့်စောင့်ကြည့်ခဲ့ကြသည်။ ဒါပေမယ့် အဲဒီညတွင် တိုက်ပွဲမရှိပါ။ နောက်တစ်နေ့သည် ဒီဇင်ဘာခရစ်စ္စမတ်(စ်)နေ့ သခင်ခရစ်တော်ဖွားတော်မူသည့်နေ့ရက်ပင်ဖြစ်ပါသည်။ အဲဒီနေ့မနေ့ပိုင်းတွင် ဗြိတိန်စစ်သည်တော်များသည် သူတို့၏ သေနတ်များကို လက်ချောင်းများနှင့် သေချာစွာ ကိုင်တွယ်ပြီး ရန်သူများကို ပစ်သတ်ရန် စောင့်ကြည့်ခဲ့ကြသည်။

မနက်တိုင်း ဂျာမန်စစ်သည်တော်များထံ မုန်းတီးခြင်း၊ ရန်လိုခြင်း သီချင်းရွတ်ဆိုသံများကို ဗြိတိန်စစ်သည်တော်များနေ့ စဉ်ကြားနေခဲ့သည်။ ဒါပေမယ့် အဲဒီနေ့ခရစ်စ္စမတ်(စ်)နေ့ မနက်ပိုင်းတွင် မုန်းတီးရန်လိုခြင်း သီချင်း မကြား ရပါ။ သေနတ်ပစ်သံများ မကြားရပဲ သာယာသော နေ့ထူးနေ့မြတ် ကဲ့သို့ခံစားနေရသည်။ အဲဒီခရစ်စ္စမတ်(စ်) နေ့မနက်ပိုင်း၏ ဖြစ်ရပ်များသည်–ဗြိတိန်စစ်သည်တော်များသည် ရုတ်တရက်ပေါ်ထွက်လာသော ဂျာမန် ကျင်းမှ စစ်သည် ၃ ယောက်များ မီးခိုးရောင်စုံဖြင့် မြင်တွေ့ခဲ့သည်။ ဂျာမန်စစ်သည်တော်များသည်လုံ့စွပ်မပါ၊ လက်ပစ်ဗုံးမပါ ပေါ်ထွက်လာသည်။ တဖြည်းဖြည်းနှင့် ကာထားသော သံဆူးကြိုးတန်းကို ချဉ်းကပ်လာခဲ့ကြ သည်။ မနက်က စစ်ပွဲတွင် မီးခိုးရောင်ဝတ်ဆင်ထားသော ဂျာမန်စစ်သည်တော်များနှင့် ကာကီရောင်ဝတ် ဆင်သော ဗြိတိန်စစ်သည်တော်များသည် ယခုခင်မင်သော နှုတ်ဆက်ခြင်းနှင့် တစ်ယောက်နှစ်ယောက် ပျော် ရွှင်သော ခရစ်စ္စမတ်(စ်)ဟု နှုတ်ဆက်ခဲ့ကြသည်။ ခရစ်စ္စမတ်(စ်) သီချင်းများဖြင့် တယောက်နှင့်တယောက် နှုတ်ဆက်ခဲ့ကြသည်။ ပြီးနောက် ခရစ်စ္စမတ်(စ်) လက်ဆောင်များ လဲလှယ်ပြီး တယောက်နှင့်တယောက် ပျော်ရွှင်စွာ နေကြသည်။ ချစ်ခြင်းမေတ္တာသည် မုန်းတီးခြင်းထက်သာ၍ သန်မာ၏၊ သခင်ယေရှု ဖွားမြင်ခြင်း သည် ဤလောကတွင် ထာဝရအလင်းနှင့် ထာဝရငြိမ်သက်ခြင်းကို ယူဆောင်လာသည်။ သင်၏ အသက် တာ၌ သခင်ယေရှုဖွားမြင်ပါသလား၊ သခင်ယေရှုသည် ဝမ်းနည်းခြင်းအပေါ်တန်ခိုး၊ မုန်းတီးခြင်းအပေါ်တန်ခိုး၊ ဖြားယောင်းခြင်းအပေါ်တန်ခိုး၊ အပြစ်အပေါ်တန်ခိုး၊ သေခြင်းအပေါ်တန်ခိုးဖြစ်ပါသည်။

စီ၊အီးအ(န်) အမ်စီကာ(တ်)နီ

## "ဘုရင်တို့ကို ရာဇ်ပလ္လင်ပေါ်မှချခြင်း "

## "He Hath put Down the Mighty from Their Seats"

"ဘုရင်တို့ကို ရာဇ်ပလ္လင်ပေါ်မှချ၍ နှိမ့်ချသော သူတို့ကို ချီးမြှောက်တော်မူပြီ။" (ရှင်လုကာ ၁း၅၂)

မာရိက အကျွန်ုပ်သည် ထာဝရဘုရား၏ ကျွန်မဖြစ်သည်ဟု ပြောလေ၏။ လေရှဗက်သည် မာရိကို အကျွန်ုပ်သခင်၏မယ်တော် ဟုခေါ်ခဲ့သည်။ ယုံကြည်သော မိန်းမသည် မင်္ဂလာရှိ၏။ အကြောင်းမူကား၊ ထိုမိန်းမအား ထာဝရဘုရား မိန့်တော်မူသော စကားသည် ပြည့်စုံလိမ့်မည်ဟု ကြီးသောအသံနှင့် မြွက်ဆို၏။

ယုဒမြို့သည် ဘုရားသခင်၏ ဂတိတော်ကို လက်ခံရရှိထားသည်။ သန့်ရှင်းသော ဝိဉာဉ်တော်နှင့် ပြည့်ဝသော မိဘများသည် သူတို့၏ကလေးများသည်လည်း သန့်ရှင်းသော ဝိဉာဉ်တော်နှင့် ပြည့်ဝသည်။ သန့်ရှင်းသော ဝိဉာဉ်တော်နှင့်မိတ်သဟာရဖွဲ့ခြင်းမရှိလျှင် စစ်မှန်သော ဝိဉာဉ်တော်၏ လူမဖြစ်နိုင်ပါ။ ဂျော်(န်)ဝက်စလီသည် သူတပါးနှင့် မိတ်သဟာရဖွဲ့ပြီး ယုံကြည်ခြင်းနှင့် ကြီးထွားနိုင်ဖို့ရန် ခွန်အားပေးခဲ့သည်။ မာရိက နောင်ကာလ၌ ခပ်သိမ်းသော လူအစဉ်အဆက်တို့သည် ငါ့ကို မင်္ဂလာရှိသော သူဟူ၍ ခေါ်ကြလိမ့်မည်၊ဟုမိန့်တော်မူ၏။ (ရှင်လုကာ ၁း၄၈) တန်ခိုးနှင့်ပြည့်စုံတော်မူ သော ဘုရားသခင် သည် အံ့ဘွယ်သော ကျေးဇူးတော်ကို ငါ့အားပြုတော်မူပြီဟု သူမသိရှိနားလည်သည်။ သခင်ယေရှုသည် တပည့်တော်တို့ကို သန့်ရှင်းသော ဝိဉာဉ်တော်၏တန်ခိုးပေးထားပြီး လူမျိုးတကာတို့၌ အမှုတော်ဆောင်ရန် စေလွှတ်ခဲ့သည်။ သင်တို့သည် အထက်က လောကီတရားသို့လိုက်၍ အာကာသ ကောင်းကင်၏ တန်ခိုးကို အစိုးရသော မင်းတည်းဟူသော ငြင်းဆန်သူတို့၌ ပြုပြင်သော ဝိဉာဉ်၏ အလိုနှင့် အညီ၊ ဒုစရိုက်အပြစ်တို့၌ ကျင်လည်ကြ၍၊ ထိုဒုစရိုက်အပြစ်၌ သေလျက်ရှိနေသော သင်တို့ကို ဘုရားသခင် သည် အသက်ရှင်စေ တော်မူ၏။ (ဖေက် ၂း၂) ဝိဉာဉ်ဆိုးတို့သည် လူသားကိုအပြစ်တွင် ခေါ်ဆောင်တတ်၏။ထိုလူငယ်တို့သည် အသွေးအသားနှင့်ဆက်ဆံကြသောကြောင့်၊ ခရစ်တော်သည် အသေခံတော်မူသောအားဖြင့်၊ သေခြင်းတရားကို အစိုးရသောသူတည်းဟူသော မာရ်နတ်၏တန်ခိုးကိုချိုးဖဲ ဖျက်ဆီးခြင်းငှာဂင်း၊ သေဘေးကိုကြောက်၍ တသက်လုံးကျွန်ခံနေသော သူတို့ကို ကယ်လွှတ်ခြင်းငှာ၄င်း၊ ထိုသူငယ်တို့၏ နည်းတူ အသွေးအသားကို ဆောင်ယူတော်မူ၏။ (ဟေဗြဲ ၂း၁၄ –၁၅) ထိုသို့စုံစမ်းနှောက်ယှက်ခြင်းအမှုနှင့် တွေ့ကြုံသော သူတို့ကို မစခြင်းကြောင့် ငါတတ်နိုင်တော်မူ၏။ ဘုရားသခင်ကို ကြောက်ရွံ့ပြီးနိမ့်ချသော အသက်တာနှင့် အလိုတော်အတိုင်းအ သက်တာလျှောက်လှမ်း စာတန်မာရ်နတ်သည် သင့်အပေါ်တွင် တန်ခိုးမရှိနိုင်ပါ။ သင်သည် ဘုရားသခင်ကို မျက်မှောက်ပြုလျှင် သင်၏ လမ်းခရီးတို့သည် ပဲ့ပြင်တော်မူမည်။

ဘုရားသခင်သည် ဖြောင့်မတ်သောလမ်းခရီးသို့ လမ်းပြပို့ဆောင်ရန် သန့်ရှင်းသော ဝိဉာဉ်တော်ကို စေလွှတ်ခဲ့သည်။ မာရိက ငါ့ကို ကယ်တင်တော်မူသော အရှင်ဘုရားသခင်ကို အမှီပြု၍ငါ့ဝိဉာဉ်သည် ရွှင်လန်းခြ ဘင်းရှိ၏ဟုမိန့်တော်မူ၏။ အကြောင်းမူကား မိမိတို့ကျွန်မ၏ နိမ့်ချသော အဖြစ်ကို ကြည့်ရှုတော်မူပြီ၊ နောင်ကာ၌ ခပ်သိမ်းသောလူ အစဉ်အဆက်တို့သည် ငါ့ကိုမင်္ဂလာရှိသောသူဟူ၍ ခေါ်ကြလိမ့်မည်။

ထို့ကြောင့် တန်ခိုးကြီးသော လက်တော်အောက်၌ကိုယ့်ကိုကိုယ်နှိမ့်ချလျှင် ဘုရားသခင်သည် သင်တို့ကို ချီးမြှောက်တော်မူမည်။ တံငါသည်ဘဝမှ သခင်ယေရှုသည် တပည့်တော်များကို ချီးမြှောက်ခဲ့သည်။ အကျွန်ုပ်တို့၏ နက်နဲသောအမှုကို သိရှိနားလည်ဖို့ဖြစ်သည်။ ကောင်းကင်နှင့် မြေကြီးကို အုပ်စိုးတော်မူသော ဘုရားသခင်ကို လက်ခံသိရှိနိုင်ဖို့သားတော်ခရစ်တော်ကို ဤလောက၌ စေလွှတ်ခြင်းဖြစ်သည်။

## "ဘုရားသခင်၏ ထာဝရချစ်ခြင်းမေတ္တာ"

## "The Everlasting Love of God"

အယူမှားသော သူရဲကောင်းတယောက်သည် ရှူးမိုက်စွာ ဘုရားသခင်ကို စမ်းသပ်ဖို့ ဆုံးဖြတ်ချက်ချပြီး ဘုရားသခင်၏ တန်ခိုးကိုလဲငြင်းပယ်ခဲ့သူဖြစ်သည်။ တနေ့တော့ တောရိုင်းဒေသသို့ ထွက်သွားပြီး တိုက်ပွဲတွင် သူ၏လက်အိတ်ကို မြေသို့ချလျှက် ကောင်းကင်ကို မျှော်ကြည့်ရင်းနှင့် ဘုရားသခင် တိုက်ပွဲတွင် သေဆုံးရမည်ဖြစ်သောအကျွန်ုပ်ကို ဘုရားသခင်တည်ရှိလျှင် အကျွန်ုပ်ထံသို့ ဖော်ပြတော်မူပါဟု အော်ဟစ်ခဲ့သည်။ ဒူးထောက်ပြီးနောက် မကြာမီ သန့်ရှင်းသော ဝိဥာဉ်တော်က နက်နဲသော စကားလုံး ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်သည်ဟုဖော်ပြထားသည်။ သူရဲကောင်းသည် သူ၏ ဓါးရှည်ကိုမြေပေါ်သို့ချလျှက် ဒူးထောက်ပြီး ဘုရားသခင်၏ အမှုတော်မြတ်၌ ပါဝင်နိုင်ရန် အသက်တာ ပေးဆပ်ဖို့ ဆုံးဖြတ်ချက်ချခဲ့သည်။ ကျွန်ုပ်တို့သည် အပြစ်၌သေနေသော သူများဖြစ်၍ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်သည် လက်ခံရရှိယုံကြည်ဖို့ရန်လိုအပ်သည်။ သခင်ယေရှုကို ယုံကြည်သည့်အခါ ဝိဥာဉ်ရေး ပြန်လည်မွေးဖွားခြင်း ဖြစ်ပေါ်လာပြီး ခရစ်တော်အားဖြင့် ကယ်တင်ခြင်းကိုငှ၊ ထာဝရအသက် စိတ်ချမှု ကိုငှရရှိလာကြသည်။ ဘုရားသခင်သည် အကျွန်ုပ်တို့ကို မမုန်းပါ။ နူးညံ့သော ချစ်ခြင်းမေတ္တာနှင့် ထာဝရချစ်ခြင်းမေတ္တာဖြင့် အကျွန်ုပ်တို့ကို စောင့်ရှောက်တော်မူ၏။

အန္ဒြေမာ့ရေးက ဤကဲ့သို့ရေးသားထားသည်။

"စိတ်နှိမ့်ချခြင်းဖြင့် ထေ၀ရာဘုရားကို ကြောက်ရွံ့သောသူသည် မနာလိုမရှိပါ။ သူတပါးကောင်းချီး ခံသောအခါ၌လည်း နှိမ့်ချသောသူသည် ဘုရားသခင်ကို ချီးမွမ်းနိုင်၏။

အဘယ်ကြောင့်ဆိုသော ထေ၀ရာဘုရား၏ အမှုတော်တို့သည် ကြီးမြတ်ကြောင်းအမှုတော်တို့ကို ရှာဖွေလိုက်စားတတ်သူဖြစ်၏။ ထို့ကြောင့် ခရစ်တော်၌ ရှိသော ကရုဏာ၊ ကြင်နာမှု၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့် နှိမ့်ချခြင်းတို့ကို စွပ်လျှက်ခံရပ်ကြသူဖြစ်သည်။"